# READ USA မိဘလမ်းညွှန်

## စာတတ်မြောက်ရေး လှုပ်ရှားမှုများ စာဖတ်ခြင်း ပံ့ပိုးကူညီမှု



READ USA သည် အတန်းအဆင့် စာဖတ်စွမ်းရည် တိုးတက်လာစေရန် ပံ့ပိုးကူညီပေးသည်။ QR ကုဒ်ကို စကန်ဖတ်၍ဖြစ်စေ၊ အောက်ပါလင့်ခ်သို့ သွားရောက်၍ဖြစ်စေ သင့်ကလေးအတွက် အထောက်အကူပြုသည့် နောက်ထပ်ရင်းမြစ်များကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် ဝင်ကြည့်ပါ–

www.readusainc.com/mlp

အနုပညာရှင်၏ အသံထွက်ဖတ်ပြမှုများနှင့် မိဘများအတွက် အကြံပြုချက်များပါသော ဗီဒီယိုများကို သွားကြည့်လိုက်ပါ

# စကားစမြည်ပြောဆိုရန် အစဖော်ပေးသည့်စကားလုံးများ

## သင့်ကလေးနှင့်အတူ စာဖတ်ရင်း စကားစမြည်ပြောဆိုရန် စတင်မှုများ။







## ရသစာအုပ်များ

### စာအုပ်ကို မဖတ်မီ မေးပါ...

- ဒီစာအုပ်ကို ဘာကြောင့် ရွေးခဲ့တာလဲ။
- ခေါင်းစဉ်/သရုပ်ဖော်ပုံတွေထဲမှာ ဒီဇာတ်လမ်းက ဘာအကြောင်းလဲဆိုတာ ပြောပြတဲ့ ဘယ်လိုဇာတ်လမ်းသဲလွန်စတွေ ရှိသလဲ။
- ဒီတစ်ခုနဲ့ဆင်တူတဲ့ တခြားစာအုပ်မျိုးကို ဖတ်ဖူးလား။ အဲဒီအကြောင်း ပြောပြပါ။
- စာအုပ်အမည် ဒါမှမဟုတ် စာအုပ်အဖုံးကို အခြေခံကြည့်ရှုပြီး အဓိကဇာတ်ကောင်တွေက ဘာပြဿနာတွေနဲ့ ရင်ဆိုင်ရနိုင်တယ်လို့ ထင်လဲ။ ဖြစ်နိုင်ခြေရှိတဲ့ ဖြေရှင်းနည်းတချို့က ဘာတွေလဲ။

### စာအုပ် ဖတ်နေစဉ် မေးပါ...

- အခုအချိန်ထိ ပုံပြင်ထဲမှာ ဘာတွေဖြစ်ခဲ့လဲ။
- နောက်ဘာဖြစ်မယ်လို့ ထင်လဲ။ အဲ့လိုခန့်မှန်းနိုင်ဖို့ ဘာသဲလွန်စတွေကို သုံးခဲ့လဲ။
- ဒီဇာတ်ကောင်ရဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ဘယ်လိုထင်လဲ။ ဒီစာအုပ်ကို မိမိကိုယ်ပိုင်ဘဝနဲ့ ဘယ်လိုဆက်စပ်တွေးတောနိုင်လဲ။

### စာအုပ်ကို ဖတ်ပြီးနောက် မေးပါ...

- သင်ကသာ ဇာတ်လမ်းထဲက ဇာတ်ကောင် တစ်ယောက်ဖြစ်ခဲ့ရင် ဘယ်သူဖြစ်ဖို့ ရွေးမလဲ။ ဘာကြောင့်လဲ။
- ဇာတ်လမ်းက ထင်ထားသလို အဆုံးသတ်ခဲ့လား။
- ဇာတ်လမ်းကို တခြားနည်းနဲ့ ဘယ်လို အဆုံးသတ်နိုင်လဲ ဒါမှမဟုတ် ပြဿနာကို တခြားနည်းနဲ့ ဘယ်လိုဖြေရှင်းနိုင်လဲ။ ဘာကြောင့်လဲ ပြောပြပါ။
- ဒီစာရေးသူရဲ့ တခြားစာအုပ်ကို ဖတ်ဖို့ ရွေးမှာလား။ ဘာလို့ ရွေးတာလဲ၊ ဘာလို့ မရွေးရတာလဲ။

## သုတစာအုပ်များ

### စာအုပ်ကို မဖတ်မီ မေးပါ...

- ဒီစာအုပ်ကို ဘာကြောင့် ရွေးခဲ့တာလဲ။
- ဒီအကြောင်းအရာ (ဒါမှမဟုတ် လူပုဂ္ဂိုလ်) နဲ့ပတ်သက်ပြီး ဘာတွေသိထားလဲ။
- ဒီအကြောင်းအရာ (ဒါမှမဟုတ် လူပုဂ္ဂိုလ်) နဲ့ပတ်သက်ပြီး ဘာတွေလေ့လာရမယ်လို့ ထင်လဲ။
- မဖတ်ခင် စာရေးသူကို ဘာမေးခွန်းတွေ မေးချင်လဲ။

### စာအုပ် ဖတ်နေစဉ် မေးပါ...

- အခုအထိ အရေးကြီးတဲ့ ဘာအချက်အလက်တွေကို ဖတ်ပြီးပြီးလဲ။
- ဘာအကြောင်းကို သိချင်သေးလဲ။
- ဘယ်လိုအံ့ဩစရာတွေ ဒါမှမဟုတ် အသစ်အဆန်းတွေကို ဖတ်ခဲ့ရလဲ။
- စာပိုဒ်လမ်းညွှန်အင်္ဂါရပ်တွေက စာအုပ်ကို နားလည်စေဖို့ ဘယ်လိုကူညီပေးလဲ။
- ဒါက သင်နဲ့ သင့်ဘဝကို ဘယ်လိုဆက်နွှယ်စေသလဲ။

### စာအုပ်ကို ဖတ်ပြီးနောက် မေးပါ...

- စာရေးသူက သင့်ကို ဘာတွေ သင်ပြပေးခဲ့လဲ။
- စာရေးသူက ဒီအကြောင်းအရာ (ဒါမှမဟုတ် လူပုဂ္ဂိုလ်) နဲ့ပတ်သက်ပြီး သင့်ကို ဘာသိစေချင်လဲ။
- ဒီအကြောင်းအရာ (ဒါမှမဟုတ် လူပုဂ္ဂိုလ်) နဲ့ပတ်သက်ပြီး သင် ဘာတွေသိချင်သေးလဲ။
- ဒီစာအုပ်ရဲ့ စိတ်ဝင်စားစရာအကောင်းဆုံးအပိုင်းက ဘာဖြစ်ခဲ့လဲ။
- ပိုမိုလေ့လာဖို့အတွက် နောက်ထပ်ဘယ်အကြောင်းအရာကို သင် ဖတ်မှာလဲ။

QR ကုဒ်ကို စကန်ဖတ်ပြီး မိဘများအတွက် အကြံပြုချက်ပါသော ဗီဒီယိုများကို ကြည့်ပါ

# စာတတ်မြောက်ရေး တိုးတက်မှု အားပေးမြှင့်တင်ရေး လှုပ်ရှားမှုများ

## ကလေးများအတွက် အပြန်အလှန်တုံ့ပြန်နိုင်သော၊ အာရုံခံစားမှုမျိုးစုံပါသော လှုပ်ရှားမှုများ။







## PK-1 အတန်းများ

### အသံများ၊ အက္ခရာများနှင့် စာလုံးများ

- အက္ခရာအမည်များနှင့် ထိုအက္ခရာများ၏ အသံထွက်ကို သင့်ကလေး လေ့လာနိုင်အောင် ကူညီပေးပါ။ ၎င်းကို ဂိမ်းတစ်ခုအဖြစ် ပြောင်းလဲပါ။ "အက္ခရာတစ်လုံးအကြောင်း စဉ်းစားနေတာ၊ အဲဒါကို **mmmmmm** (အင်း) လို့ အသံထွက်တယ်။"
- ကာရန်ညီ စကားလုံးများကို ထောက်ပြပြီး ကာရန်ညီသည့် အခြားစကားလုံးများကို ရှာပါ။
- သင့်ကလေးအား အက္ခရာများကို ထောက်ပြခိုင်းပြီး သူလေ့ကျင့်ခဲ့သည့် စာလုံးများကို အကျွမ်းဝင်အောင်လုပ်ခိုင်းပါ။

### နားလည်သဘောပေါက်မှု

- သင့်ကလေးအား စိတ်ကူးယဉ်အခန်းကဏ္ဍများ (စားဖိုမှူး၊ ဆရာဝန်၊ ဆရာ) အဖြစ် သရုပ်ဆောင်ရသည့် ပြဇာတ်တွင် ပါဝင်လေ့ကျင့်ခိုင်းပါ
- နောက်ခံဗဟုသုတကို လေ့ကျင့်ယူနိုင်မည့် အတွေ့အကြုံသစ်များ ဖန်တီးနိုင်စေရန် သင်၏ ဒေသတွင်းစာကြည့်တိုက်များ၊ ပြတိုက်များနှင့် ပန်းခြံများသို့ သင့်ကလေးနှင့်အတူ သွားရောက်လည်ပတ်ပါ။
- အသံထွက်ဖတ်ပြပြီးနောက် နားလည်သဘောပေါက်မှုကို စစ်ဆေးရန် နည်းလမ်းတစ်ခုမှာ သင့်ကလေးအား စာအုပ်အကြောင်းကို သူ့ကိုယ်ပိုင်စကားလုံးများဖြင့် အကျဉ်းချုပ်ရေးခိုင်းရန် ဖြစ်သည်။

### စာရေးခြင်း

- သင်၏ စာရေးလှုပ်ရှားမှုများတွင် သင့်ကလေးများကို ပါဝင်ခိုင်းပါ။ ဈေးဝယ်စာရင်းကို အတူတူလုပ်ပြီး ကလေး၏အမည်နှင့်တူသော အက္ခရာနှင့်စတင်သည့် စကားလုံးများကို ထောက်ပြပါ။
- သင့်ကလေးအား မိသားစုလှုပ်ရှားမှုပုံတစ်ပုံကို ဆွဲခိုင်းပြီး ထိုပုံ၏အောက်တွင် ၎င်းနှင့်ပတ်သက်သော ဝါကျတစ်ကြောင်း ရေးရန် သူ့ကို ကူညီပေးပါ။
- သင့်ကလေးအား သင့်အိမ်ရှိ အခန်းများနှင့် အရာဝတ္ထုများအတွက် အညွှန်းများကို ရေးခိုင်းပါ။ စာလုံးပေါင်းသတ်ပုံမှားမည်ကို မစိုးရိမ်ပါနှင့်။ ထိုအညွှန်းများကို တိပ်ကပ်ပြီး ပြသထားရန် တိပ်ကပ်ရာတွင် အန္တရာယ်ကင်းအောင် သင့်ကလေးကို ကူညီပေးပါ

## 2 တန်းမှ 5 တန်း

### အသံများ၊ အက္ခရာများနှင့် စာလုံးများ

- သင့်ကလေးအား ဂရိနှင့် လက်တင်ရင်းမြစ်များပါသော စာလုံးများကို ရှာခိုင်းပါ။ ဥပမာအားဖြင့်- **biology** (ဇီဝဗေဒ)-**bio** (ဇီဝ) သည် **life** (သက်ရှိ) ကို ဆိုလိုသည်။ **Biology** (ဇီဝဗေဒ) သည် **life** (သက်ရှိ) အကြောင်းကို လေ့လာခြင်းဖြစ်သည်။
- စကားလုံးတစ်လုံးကို ထောက်ပြပြီး သင့်ကလေးအား ထိုစာလုံးနှင့် ဆက်စပ်နေသော ကြောင်းတူသံကွဲ သို့မဟုတ် သံတူကြောင်းကွဲစာလုံးတစ်လုံးကို မေးပါ။
- ထိုစာလုံးကို အသုံးပြုပြီး အဓိပ္ပာယ် မသိမသာကွဲပြားမှုများကို ဆုံးဖြတ်ပါ။ ဥပမာအားဖြင့်- **afraid** (ကြောက်ရွံ့)၊ **frightened** (ထိတ်လန့်)၊ **scared** (ကြောက်လန့်)၊ **fearful** (ကြောက်မက်ဖွယ်)၊ **panicked** (အထိတ်တလန့်)၊ **terrified** (ကြောက်လန့်တကြား)။

### နားလည်သဘောပေါက်မှု

- စာမဖတ်မီနှင့် စာဖတ်နေစဉ်တွင် မေးခွန်းများထုတ်ရန် သင့်ကလေးကို ကူညီပေးပါ။ ထို့နောက် စာအုပ်မှအချက်အလက်များကို အသုံးပြု၍ သူ့မေးခွန်းများကို ဖြေရန် ကူညီပေးပါ။
- သင့်ကလေးနှင့်အတူ စာဖတ်သည့်အခါ သူ့ကို မျက်လုံးမှိတ်ခိုင်းပြီး ဇာတ်လမ်းထဲတွင် ဖြစ်ပျက်ခဲ့သည့်အရာများအကြောင်း တွေးခိုင်းပါ။ စာအုပ်တွင်ဖော်ပြထားသော ဇာတ်လမ်းဇာတ်ကွက်များကို သူစိတ်ကူးပုံဖော်နိုင်ခြင်းရှိ၊ မရှိ ကြည့်ပါ။ "ရုပ်ရှင်တစ်ခု ရိုက်နေမယ်ဆိုရင် ကင်မရာနောက်ကွယ်ကနေ ဘာမြင်ရမလဲ" ဟု သူ့ကို မေးပါ။
- စာအုပ်၏ အချိန်၊ နေရာ၊ ပတ်ဝန်းကျင်ကို မြေပုံဆွဲပြီး အဓိကဇာတ်ကြောင်း ဖြစ်ပျက်သည့် နေရာများပါဝင်ကြောင်း သေချာပါစေ။

### စာရေးခြင်း

- သင့်ကလေးအား တစ်ရက်တာအတွင်း သူလုပ်ခဲ့သည့်အရာများ၊ သူ့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့်အရာများနှင့် ဤအကြောင်းအရာများနှင့် ပတ်သက်ပြီး သူထင်မြင်သည့်အရာများနှင့်ပတ်သက်၍ နေ့စဉ်မှတ်တမ်း ရေးခိုင်းပါ။
- သင့်ကလေးအား ဈေးဝယ်စာရင်းများ၊ အိမ်အလုပ်များ၊ စာများနှင့် လုပ်ရန်စာရင်းများကို ရေးခိုင်းပါ။
- သင့်ကလေးကို သူ့ဘာသာရေးခိုင်းမည့်အစား အတူတူ ပူးပေါင်းရေးသားပါ။ ပူးပေါင်းရေးသားထားသော အရေးအသားနမူနာတစ်ခု ဖန်တီးရန် မတူညီသော စိတ်ကူးများကို မျှဝေပါ။

# မိသားစု စာဖတ်မှတ်တမ်း

| ရက်စွဲ | စာအုပ်အမည် | စာရေးသူ | အမျိုးအစား (တစ်ခုကို ဝိုင်းပေးပါ) |
|---|---|---|---|
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | fiction သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |
| | | | ရသစာပေ သုတစာပေ ကဗျာ |



သင့်ကလေး၏ အခြေခံစာဖတ်စွမ်းရည်များကို လေ့ကျင့်ပေးခြင်းဖြင့် အတန်းအဆင့် စာဖတ်စွမ်းရည်တွင် ကျွမ်းကျင်စေရန် သိသိသာသာအထောက်အကူဖြစ်စေပြီး လာမည့်စာသင်နှစ်အတွက် ကောင်းစွာ ပြင်ဆင်ပေးရာရောက်သည်။ အတူတကွဆိုလျှင် သင်နှင့် သင့်ကလေးသည် စာဖတ်သူခေါင်းဆောင် မိသားစုတစ်စု ဖြစ်လာနိုင်သည်။